# ဆေးဖက်ဝင်နဘူးနွယ်အပင်၏ လတ်တလောအဆိပ်အာနိသင်နှင့် ဝမ်းပျက် /ဝမ်းလျှောရောဂါအပေါ် အာနိသင်ရှိနိုင်မှုတို့အား ဓာတ်ခွဲခန်းတိရစ္ဆာန်များအပေါ်၌ လေ့လာသုံးသပ်ခြင်း

အိအိထွေး[၁]၊ တင်မောင်ကျော်[၂]၊ ခင်မေသီ[၁]၊ တင်မိုးခိုင်[၁]၊ ဇင်မာလွင်[၁]၊ ဆွေဇင်အောင်[၁]၊ မင်းဇော်ဦး[၁]၊ ဆွေဆွေ[၁]

[၁]ဆေးဝါးဇေဒသုတေသနဌာနခွဲ၊ ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်)

[၂]ဓာတုဗေဒဌာန၊ ပင်လုံတက္ကသိုလ်

နဘူးနွယ်ပင်သည် မြန်မာနိုင်ငံမြေပြန့်ဒေသများတွင် ပေါက်ရောက်သည့် ဆေးဖက်ဝင် ချုံနွယ် ပင်တစ်မျိုးဖြစ်ပါသည်။ အသုတေသနကို နဘူးနွယ်အမြစ်၏ ၉၅% အီသနော‌ဆေးနှစ်ကို ဓာတ်ခွဲခန်းကြွက်ဖြူကလေးများ အပေါ်၌ လတ်တလောအဆိပ်အာနိ သင်နှင့် ဝမ်းပျက်/ဝမ်းလျှောအာနိသင်ရှိနိုင်မှုတို့ကို သိပ္ပံနည်းကျလေ့လာရန် ရည်ရွယ်ပြုလုပ်ခဲ့ ပါသည်။ ထို့အပြင်မျိုးကွဲသတ်မှတ်ခြင်း၊ အီသနောဆေးနှစ်တွင် ပါဝင်သော ဓာတုဒြပ်ပေါင်း များကို ပဏာမစမ်းသပ်ခြင်းနှင့် ထိုဆေးနှစ်၏ ဘတ်တီးရီးယားရောဂါပိုး အပေါ် အာနိသင်ရှိ နိုင်မှုတို့ကိုလည်း ထည့်သွင်းစမ်းသပ်ခဲ့ပါသည်။ လတ်တလောအဆိပ်အာနိသင် စမ်းသပ်ရာတွင် ဆေးပမာဏ ၁၆ဂရမ်/ကီလိုဂရမ်အထိ အဆိပ်အာနိသင်မရှိကြောင်း တွေ့ရသည်။ ဝမ်းပျက်/ ဝမ်းလျှောရောဂါအပေါ် အာနိသင်ရှိမှုကို စမ်းသပ်ရာ၌ ကြက်ဆူဆီ တိုက်ကျွေးထားသော ကြွက်ဖြူလေးများအပေါ် ဝမ်းသွားမှုအကြိမ် အရေအတွက်နှင့် အူအတွင်းအမှတ်အသားပြု အစာရွေ့လျားခြင်းတို့ကို ၂၀၀၊ ၄၀၀နှင့်၈၀၀မီလီဂရမ်/ကီလိုဂရမ် ဆေးပမာဏ(၃)မျိုးဖြင့် တိုက်ကျွေးစမ်းသပ်ခဲ့ရာ ၈၀၀မီလီဂရမ်/ကီလိုဂရမ် ဆေးပမာဏမှာ အာနိသင် ကောင်းမွန် ကြောင်း တွေ့ရှိရပါသည်။ အပင်မျိုးခွဲ သတ်မှတ်ရာ၌ နဘူးနွယ်ပင်သည် Combretaceae မျိုးရင်းဝင်ဖြစ်ပြီး သိပ္ပံအမည် Combretum apetalum Wall .ဖြစ်ကြောင်းတွေ့ရှိရ ပါသည်။ဓာတုဒြပ်ပေါင်း ပါဝင်စမ်းသပ်ချက်၌ ဤဆေးနှစ်တွင်Alkaloid, Flavonoid, glycoside, reducing sugar, polyphenolနှင့် saponin တို့ပါဝင်ကြောင်း ပဏာမလေ့လာ တွေ့ရှိရပါသည်။ ဘတ်တီးရီးယားရောဂါပိုးမွှားများအပေါ်အာနိသင်ရှိ/မရှိ စမ်းသပ်ခဲ့ရာတွင် agar well diffusion method ကို အသုံးခဲ့ပြု၍ *staphylococcus aureus, Escherichia coil* နှင့် salmonella typhi ပိုး(၃) မျိုးကို ရွေးချယ် စမ်းသပ်ခဲ့ပြီး ထိုဆေးပင်၏ အီသနော ဆေးနှစ်သည် ရွေးချယ်စမ်းသပ်ခဲ့သောပိုး (၃) မျိုးကို သေစေနိုင်သော အာနိသင်ရှိကြောင်းတွေ့ ရပါသည်။ ဤသုတေသန၏ တွေ့ရှိချက်များအရ နဘူးနွယ်မြစ်သည် ဝမ်းပျက်/ဝမ်းလျှော ရောဂါအတွက်အသုံးပြုရန် သင့်လျော်သော ဆေးမယ်တစ်မျိုးဖြစ်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့သည်။